**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ (၁-၇-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ်က** ကျွန်းလှမြို့တွင် သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ရေတံခါးပြုပြင်ခြင်း၊ ရေငြိမ်ကန်အသစ်တည်ဆောက်ခြင်းနှင့် ပိုက်လိုင်းအသစ် သွယ်တန်းခြင်းလုပ်ငန်း များကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးမောင်ရွှေ၊ လှိုင်ကော်မဲဆန္ဒနယ်က** လှိုင်ကော်မြို့ပေါ်ရပ်ကွက်များအား ရေလွှမ်းမိုးမှုမှကာကွယ်ရန် ဘီးလူးချောင်းဘေးမှ ရေတားတာပေါင် ပြုလုပ်ပေးရန်နှင့် တည်ဆောက်ပြီးသည့်ရေတာပေါင်အား ပြန်လည် မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် တာပေါင်ဖို့ခြင်း၊ သဲနုန်းခုံများဖယ်ရှားခြင်း လုပ်ငန်းတို့အား ဆောင်ရွက်သွား မည်ဖြစ်ကြောင်းနှင့် ကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးအောင်ကျော်မင်း၊ သုံးခွမဲဆန္ဒနယ်က** သုံးခွမြို့ပေါ်ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး လက်ရှိရေပေးဝေမှုစနစ်အား ပိုမို ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်း(သို့မဟုတ်)အနီးဆုံးဆည်/တမံမှ ရေရယူဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ဆည်တမံမှ ရေးပေး ဝေနိုင်ရေး ရေသယ်ယူရမည့် လမ်းကြောင်းဝေးကွာခြင်းနှင့် စိုက်ပျိုး ရေပေးဝေ နေရသဖြင့် ကန့်သတ်ချက်များရှိခြင်းတို့ကြောင့် လက်ရှိရေပေးဝေနေသည့် ဌာနများအပြင် တိုင်းဒေသကြီးအစိုးရဖွဲ့နှင့် ပူးပေါင်းညှိနှိုင်း၍ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်က** တမူးမြို့ပေါ်ရှိ ကံကြီးဝဆည်ကြီးအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** သဲနုန်းတူးဖော်ခြင်း၊ ရေလွှဲထိန်းတာပေါင် တည်ဆောက်ခြင်းနှင့် Gabion Box ကျောက်ခြင်းချခြင်း လုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးအောင်မြင့်သန်း၊ ကျောက်ဆည် မဲဆန္ဒနယ်က** ကျောက်ဆည်မြို့ပေါ် ရပ်ကွက်ကြီးများအား ရေကြီးမှုမှကာကွယ်ရန် ဇော်ဂျီမြစ်ကြောင်း တစ်လျှောက် သဲနုန်းတူးဖော်ခြင်း အလျား(၂၀)မိုင်နှင့် တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** ဇော်ဂျီမြစ်ကြောင်း ရေစီးရေလာကောင်းမွန်စေရေး သဲနုန်းများတူးဖော်ခြင်းနှင့် မြစ်ကြောင်းချဲ့ထွင်ခြင်း လုပ်ငန်းပမာဏ များပြားခြင်းကြောင့် အပိုင်းလိုက်လျာထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်က** မိုးယွန်းကြီးရေလှောင်ကန်အား ပုကိုင်တာနှင့် ထိစပ်နေသော မိုးယွန်းကြီး-ဖွဲ့ဘက်တာ(၁၆/၅)မိုင် လှိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်း (၁.၇)မိုင် ဆောင်ရွက်ပြီးစီးပြီး ကျန်(၁၄/၈)မိုင်အား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ၇၅၀ ပေ ကျောက်ကြီးစီခြင်း၊ ၃၀၀၀ ပေ တာပုံစံကျပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး လှိုင်းဒဏ်ခံရသည့် အပိုင်းများကို အခိုင်အမာကျောက်ကြီးစီခြင်း လုပ်ငန်းအား၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်အလိုက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇။ | **ဒေါ်ဥမ္မာမိုမိုဇော်၊ သဲကုန်းမဲဆန္ဒနယ်က** သဲကုန်းမြို့နယ်ရှိ ချောင်း မြောင်းများ တူးဖော်ရာတွင် အခက်အခဲများ ကြုံတွေ့ရပါသဖြင့် ရန်ပုံငွေလုံလောက်စွာ ချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် အင်းမအင်းအရှေ့ဘက် ပင်မရေလမ်းကြောင်း (၁.၆) မိုင်တူးဖော်ခြင်း၊ မြစ်အတွင်းသို့ စီးဝင်သည့် ချောင်းများအား တူးဖော်ပေါင်ဆင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၈။ | **ဦးငွေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်က** နမ့်စန်မြို့နယ်၊ဟိုင်းနားကြီး ကျေးရွာအုပ်စုအတွင်းရှိ (33KV) ဓာတ်အား လိုင်း(၇)မိုင်နှင့် (33/0.4KV) ထရန်စဖော်မာ (၄)လုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်က** သာပေါင်းမြို့နယ်၊ ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ဆင်လမ်းနှင့် သပြေကုန်းကျေးရွာအုပ်စုများတွင် လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်း လျာထား ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁၀။ | **ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်က** ပူတာအိုမြို့တွင်း ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ၌ တပ်ဆင်ရန် ဆိုလာမီးသီး (၃၅၀) လုံးနှင့် ဆက်စပ်ပစ္စည်းများ ရရှိနိုင်ရေး လမ်းညွှန်မှာကြားချက်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ယခု ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် အထွေထွေပိုလျှံ ရန်ပုံငွေ (GRF)တွင် ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဒေါ်မြင့်မြင့်ငွေး၊ ချမ်းအေးသာစံမဲဆန္ဒနယ်က** ချမ်းအေးသာစံမြို့နယ် ၃၀ မှ ၃၅ လမ်းထိ ၇၆ လမ်းတစ်လျှောက် လျှပ်စစ်မီးလင်းရေး၊ ၂၆ မှ ၃၅ လမ်းထိ ၇၇လမ်း တစ်လျှောက် ထပ်ပိုးလမ်းခင်းခြင်းနှင့် လျှပ်စစ်မီး လင်း ရေး ဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ခိုးယူဖျက်ဆီးခြင်းခံရသည့် မီးကြိုးများနှင့် လမ်းမီးများ ပြန်လည်အစားထိုးခြင်းအား ယခုဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက် သွားမည် ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၁၂။ | **ဦးဝင်းမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်က** ကျွဲပွဲမြို့လျှပ်စစ်ဓာတ်အားခွဲရုံအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |